Global Witness သတင်းထုတ်ပြန်ချက်

**အောက်တိုဘာ ၂၃၊ ၂၀၁၇။ ၁၅း၀၀ နာရီ ဟိုချီမင်းစံတော်ချိန် (UTC+7) / ၀၉ း၀၀ နာရီ လန်ဒန်စံတော်ချိန် (GMT-1) မတိုင်မီ ထုတ်ပြန်ခြင်းမပြုရန်**

# ရာဘာနှင့်ပတ်သက်သော လမ်းညွှန်ချက်အသစ်များ ထုတ်ပြန်ခြင်းဖြင့် မြေယာသိမ်းဆည်းခြင်းကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန် တရုတ်လုပ်ငန်းများက ရဲရင့်သော ခြေလှမ်းစတင်

အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Global Witness ၏ အဆိုအရ မဲခေါင်ဒေသတွင်း မြေယာသိမ်းဆည်းမှုများ နှင့် သစ်တောပြုန်းတီးမှုပြဿနာများကို ဖြေရှင်းရာတွင် ရာဘာလုပ်ငန်းနှင့်ပတ်သက်သော တရုတ်နိုင်ငံ၏ လမ်းညွှန်ချက်အသစ်များသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နိုင်ရန် အလားအလာရှိပါသည်။ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်တွင် အစိုးရများအကြား ကျင်းပသော ကွန်ဖရင့်၌ ယနေ့ထုတ်ပြန်လိုက်သော အဆိုပါ လမ်းညွှန်ချက်များသည် ကမ္ဘာတစ်ဝန်းလုံးတွင် အရွယ်အစားကြီးမားသော ရာဘာစိုက်ခင်းများလုပ်ကိုင်သည့် ကုမ္ပဏီများကြောင့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဆိုးကြုံနိုင်ခြေများကို ကိုင်တွယ်ဖြေရှင်းရာတွင် ယနေ့အချိန်အထိ တိုးတက်မှုအရှိဆုံး ဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။

"ရာဘာလုပ်ငန်းများအတွက် အလွန်အရေးကြီးသောအချိန်တွင် ယင်းလမ်းညွှန်ချက်များ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ မသမာသောကုမ္ပဏီများသည် ယင်းတို့လုပ်ငန်းများကို ချဲ့ထွင်လာသည်နှင့်အတူ အများပြည်သူများကို သူတို့၏ မြေယာများပေါ်မှ အလျင်အမြန် နှင်ထုတ်ခြင်း၊ ထို့နောက်တွင် အဓိကသစ်တောများကို ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည်ကို လွန်ခဲ့သောဆယ်စုနှစ်အတွင်းတွင် တွေ့မြင်ခဲ့ရပါသည်။ သို့သော်လည်း ရာဘာလုပ်ငန်းများ အနေဖြင့် ယင်းအဆိုးကြုံနိုင်ခြေများဖြင့် စွန့်ထင်းနေရန်မလိုအပ်တော့ပါ။ လမ်းညွှန်ချက် အသစ်များတွင် ဖော်ပြထားသည့်အတိုင်း သွင်းအားစုကွင်းဆက်များရှိ အဆိုးကြုံနိုင်ခြေများကို သိရှိခြင်းနှင့် လျှော့ချခြင်း၊ သစ်တောများနှင့် ဌာနေလူထုအခွင့်အရေးများကို ကာကွယ်ခြင်းတို့ကို လုပ်ဆောင်ရာတွင် တရုတ်လုပ်ငန်းများသည် သဘာဝရာဘာ ထိပ်တန်းထုတ်လုပ်သူနှင့် ထိပ်တန်းသုံးစွဲသူတစ်ဦးအနေဖြင့် စစ်မှန်သော ခေါင်းဆောင်မှုကို ပြသနိုင်ပေသည်။" ဟု Global Witness မြေယာအဖွဲ့မှ Ali Hines က ဆိုပါသည်။

သဘာဝရာဘာနှင့်ပတ်သက်သော ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးမှုအတွက် တရုတ်နိုင်ငံ၏ လမ်းညွှန်ချက်များ[1] ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင်

ရှိသည့် တရုတ်နိုင်ငံ သတ္တု၊ တွင်းထွက်နှင့် ဓါတုပစ္စည်းများ တင်သွင်းသူများ၊ တင်ပို့သူများ အဖွဲ့ချုပ် (CCCMC) က ထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါ လမ်းညွှန်ချက်များကို အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးပွဲ တစ်ခုအပါအဝင် လေးနှစ်ကြာ မူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်တစ်ခု အသုံးပြုပြီး Global Witness အပါအဝင် နိုင်ငံတကာနှင့် တရုတ်နိုင်ငံမှ မိတ်ဖက်များနှင့် လက်တွဲကာ ရေးဆွဲခဲ့ပါသည်။

"လမ်းညွှန်ချက်များ အမှန်တကယ်သက်ရောက်မှုဖြစ်စေရန်မှာ ကုမ္ပဏီများက ယင်းတို့ကို မဖြစ်မနေအသုံးချရန် လိုအပ်ပါသည်။ ယင်းတို့ကို လက်တွေ့ဖော်ဆောင်ခြင်းမရှိခဲ့လျှင် ကုမ္ပဏီများသည် အသစ်ပေါ်ထွန်းလာသော ခိုင်မာသည့် လုပ်ငန်းဆိုင်ရာစံနှုန်းများ နှင့် ညီညွတ်ခြင်းမရှိဘဲ နောက်ကျကျန်နေခဲ့နိုင်ပါသည်" ဟုလည်း Hines က ထပ်မံပြောဆိုပါသည်။

သဘာဝရာဘာဝယ်လိုအား ကမ္ဘာတစ်ဝန်းတွင် ပိုမိုများပြားလာခြင်း နှင့် ဆက်စပ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုအသိုင်းအဝိုင်းဆိုင်ရာ နှင့် ဘဏ္ဍာရေးဆိုင်ရာ အဆိုးကြုံနိုင်ခြေများစွာကို Global Witness ၏ စုံစမ်းလေ့လာမှုများက ဖော်ထုတ်နိုင်ခဲ့ပါသည်။ အစိုးရက သတ်မှတ်ချထားပေးသော စိုက်ခင်းများသည် ဥပဒေနှင့် ညီညွတ်မှုရှိမရှိ သေချာစေရန် စစ်ဆေးမှုများ မပြုလုပ်ခဲ့လျှင် ကုမ္ပဏီများအနေဖြင့် ရင်ဆိုင်တွေ့ကြုံရသည့် နောက်ဆက်တွဲ ပြဿနာများကို ရာဘာလုပ်ငန်းကြီးများဖြစ်သည့် Hoang Anh Gia Lai နှင့် Vietnam Rubber Group တို့နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့၏ စုံစမ်းဖော်ထုတ်မှုများက ထင်ရှားပေါ်လွင်စေပါသည်။

လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်းတွင် သဘာဝရာဘာ အဓိကသုံးစွဲသူဖောက်သည်များသည် ရေရှည်တည်တံ့သော ရာဘာဖြစ်စေရန်အတွက် ရယူသည့်အရင်းအမြစ်နှင့်သက်ဆိုင်သည့် မူဝါဒများကို စတင်ချမှတ်လာကြကာ များသောအားဖြင့် ကွပ်ကဲကြပ်မတ်မှုမရှိသော လုပ်ငန်းနယ်ပယ်တွင် အပြောင်းအလဲများစတင်ဖြစ်လာစေခဲ့ကြောင်း တွေ့မြင်ခဲ့ရပါသည်။[2] ထို့အပြင် အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုတရားရုံးအောက်တွင် ပြောင်းလဲတိုးတက်မှုများ ဖြစ်ခဲ့ပြီးနောက် မြေယာသိမ်းယူခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေခြင်းစသည့် ရာဇဝတ်မှုများနှင့် ဆက်စပ်ပြီး ကုမ္ပဏီအမှုဆောင်အရာရှိများကို နိုင်ငံတကာဥပဒေများဖြင့် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုနိုင်ပေသည်။ [3]

ရာဘာကုမ္ပဏီများ၏ လုပ်ငန်းများနှင့် ယင်းတို့ အခြားကုမ္ပဏီများနှင့် ထိတွေ့လုပ်ဆောင်ရာတွင် CCCMC လမ်းညွှန်ချက်များအသုံးပြုခြင်း ရှိမရှိကို စောင့်ကြည့်ရန် အရှေ့တောင်အာရှတလွှားရှိ လူထုများကို Global Witness က တိုက်တွန်းပါသည်။

"ကုမ္ပဏီ၏ သွင်းအားစုကွင်းဆက်များတွင် မြေယာသိမ်းဆည်းမှုများနှင့် သစ်တောပြုန်းတီးမှုများ ပပျောက်စေရေး အရေးပါသောခြေလှမ်းကို ကိုယ်စားပြုသည့် လမ်းညွှန်ချက်များအတွက် CCCMC ကို ဂုဏ်ပြုထိုက်ပါသည်။ ယခုအခါတွင် အရေးကြီးသည်မှာ တရုတ်ရာဘာကုမ္ပဏီများအနေဖြင့်

ယင်း စံများကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ပြီး အခြားကုမ္ပဏီများအနေဖြင့်လည်း အလားတူပြုမူစေရန် စံနမူနာပြ လုပ်ဆောင်လာရန်ပင်ဖြစ်ပါသည်။" ဟု Hines က ဆိုပါသည်။

**/နိဂုံး**

**အင်တာဗျူးများအတွက် ဆက်သွယ်ရန်နှင့် သတင်းအချက်အလက်ပိုမိုရရှိလိုပါက**

George Boden - မြေယာအဖွဲ့ခေါင်းဆောင်
အီးမေးလ် - gboden@globalwitness.org
ဖုန်း - +44 (0)207 492 5899,
လက်ကိုင်ဖုန်း- +44 (0)7808 767 134

Ali Hines - မြေယာအဖွဲ့ဝင်
အီးမေးလ် - ahines@globalwitness.org
ဖုန်း- +44 (0) 207 492 5831,
လက်ကိုင်ဖုန်း- +44 (0) 7738 712955

**အယ်ဒီတာများအတွက် မှတ်စုများ -**

1. **လမ်းညွှန်ချက်များ၏ အဓိကအစိတ်အပိုင်းများတွင် အောက်ပါတို့ပါဝင်သည်။**

   - မြေယာနှင့် အခြားသဘာဝအရင်းအမြစ်များနှင့် ဆက်စပ်ပြီး ဒေသခံလူထုများ၏ အခွင့်အရေးများကို လေးစားခြင်းနှင့် ကာကွယ်ခြင်း။ ယင်းတွင် လွတ်လပ်သော ကြိုတင်အသိပေး တိုင်ပင်မှုနှင့် လူထုသဘောထား ရယူခြင်းဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများပါဝင်သည်။

   - ဆိုးကျိုးသက်ရောက်မှုများကို လျော့ပါးစေရန်အတွက် အလုံးစုံလွှမ်းခြုံသော သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာသက်ရောက်မှု ဆန်းစစ်ချက်များ လုပ်ဆောင်ရန်။

   - ဇီဝမျိုးကွဲများစုံလင်မှုကို ကာကွယ်စောင့်ရှောက်ရန်နှင့် သစ်တောများ ထိခိုက်ခြင်း မရှိစေရန်အတွက် "သစ်တောပြုန်းတီးမှုလုံးဝမရှိစေရေး" မူဝါဒကို အသုံးပြုရန်

   - ရပ်ရွာလူထုအတွက်အဆင်မပြေနစ်နာမှုများဖြေရှင်းပေးသည့်စနစ် ထူထောင်ထားရှိရန် နှင့် သယံဇာတဆုံးရှုံးမှုများအတွက် ရပ်ရွာလူထုကို နစ်နာကြေးအပြည့်အဝ ပေးအပ်ရန်။

2. တာယာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Michelin သည် ၎င်း၏ လုပ်ငန်းများအားလုံးတွင် မြေယာအခွင့်အရေးများကို ကာကွယ်ရေးနှင့် သစ်တောပြုန်းတီးမှုလုံးဝမရှိစေရေးအတွက် ကုမ္ပဏီအနေဖြင့် အလေးအနက်ထားမှုကို ဖော်ပြသည့် ၎င်း၏ ရေရှည်တည်တံ့သော သဘာဝရာဘာရင်းမြစ်ရယူခြင်းမူဝါဒကို ၂၀၁၅ ခုနှစ်တွင် စတင်ကြေညာခဲ့ပါသည်။ ကုမ္ပဏီသည် ယင်း၏ သွင်းအားစုကွင်းဆက်များကို အပြည့်အဝ ခြေရာခံနိုင်စေရန်အတွက် ယင်းထံသို့ ပစ္စည်းပေးသွင်းသူများအားလုံး၏ ဆက်စပ်မှုများကို စာရင်းပြုစုရန် ရည်ရွယ်ထားပါသည်။ တရုတ်နိုင်ငံတွင် အခြေစိုက်သောကုမ္ပဏီများအပါအဝင် ကုမ္ပဏီများသည် လမ်းညွှန်ချက်အသစ်များကို လိုက်နာရန် ပျက်ကွက်ပါက အဓိက နိုင်ငံတကာလုပ်ငန်းကြီးများနှင့် ဆက်စပ်လုပ်ငန်းလုပ်ခွင့်များ ဆုံးရှုံးနိုင်ပါသည်။

3. အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုတရားရုံး (ICC) ၏ တရားစွဲဆိုတင်ပို့ရေးအရာရှိက ယင်း၏ လုပ်ဆောင်မှုနယ်ပယ်ကို ချဲ့ထွင်ရန် မကြာသေးမီက လုပ်ဆောင်ခဲ့ခြင်းသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားစီရင်ရေးအတွင်း ထင်ရှားသော အပြောင်းအလဲ မှတ်တိုင်တစ်ခု ဖြစ်ခဲ့ပါသည်။ ကမ္ဘောဒီးယားတွင် မြေယာသိမ်းယူမှုများသည် ပုံစံတစ်ခုဖြင့် အတိုင်းအဆကြီးမားစွာ ဖြစ်ပွားနေခဲ့ရာ ယင်းကို လူသားထုအပေါ် ကျူးလွန်သော ရာဇဝတ်မှုတစ်ခုအနေဖြင့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ICC က စဉ်းစားလျက်ရှိပါသည်။ ယခုအခါတွင်မြေယာသိမ်းဆည်းမှုများ၊ သဘာဝ ပတ်ဝန်းကျင် ဖျက်ဆီးမှုများနှင့် ဆက်စပ်သော ရာဇဝတ်မှုများအတွက် နိုင်ငံတကာ ဥပဒေများအရ ကုမ္ပဏီအမှုဆောင် အရာရှိများကို တရားစွဲဆို၍ ရနိုင်ပါသည်။ ကမ္ဘောဒီးယားကဲ့သို့သော နိုင်ငံများတွင် ရာဘာသည် မြေယာသိမ်းဆည်းမှုများကို ဖြစ်စေသော အဓိကအကြောင်းတစ်ခု ဖြစ်နေပါသည်။